ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
Financial Intelligence Unit - FIU

## မဟာဗျူဟာခွဲခြမ်းစိတ်ဖြာမှုအစီရင်ခံစာ

# နိုင်ငံသားစိစစ်ရေးကတ်(National Registration Identity Card-NRC)အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုလားရာများ

၂၀၂၅ ခုနှစ်၊ ဧပြီလ

SR/001/2025

# မာတိကာ


၁. နိဒါန်း ............................................................ ၁

၂. ရည်ရွယ်ချက် ............................................................ ၂

၃. သတင်းအချက်အလက်အသုံးပြုမှု ............................................................ ၂

၄. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်(STR)လက်ခံရရှိမှု ............................................................ ၂

၅. နေရာဒေသအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် သံသယဖြစ်ဖွယ် ငွေကြေး လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်(STR) လက်ခံရရှိမှု ............................................................ ၃

၆. သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပါ နိုင်ငံသားစိစစ်ရေးကတ် အတုပြုလုပ်မှု များနှင့် စပ်လျဉ်း၍ သံသယဖြစ်ဖွယ်အကြောင်းအရာများ ............................................................ ၄

၇. နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)များ ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်း နယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) အမှုတွဲဖွင့်လှစ်မှု ............................................................ ၄

၈. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ခြင်း (Operational Analysis) ပြုလုပ်နိုင်မှု ............................................................ ၅

၉. ဌာနများအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းနယ်ပယ် အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) ဖြန့်ဝေနိုင်မှု ............................................................ ၅

၁၀. တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ စုံစမ်းထောက်လှမ်းမှုများတွင် ဖော်ထုတ် တွေ့ရှိရသည့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်ဆက်နွှယ်သည့်မှုခင်း(Crime Type)များ ............................................................ ၆

၁၁. ဖော်ထုတ်တွေ့ရှိရသည့် နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးချသည့်နည်းလမ်းများ ............................................................ ၇

၁၂. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ငွေကြေးခဝါချမှုတို့အကြား ဆက်နွှယ်မှု ............................................................ ၈

၁၃. ဖြစ်စဉ်နမူနာများ ............................................................ ၈

၁၄. သုံးသပ်တင်ပြချက် ............................................................ ၁၂

၁၅. နိဂုံး ............................................................ ၁၅

နောက်ဆက်တွဲ(က) ............................................................ ၁၆

နောက်ဆက်တွဲ(ခ) ............................................................ ၁၇

## နိုင်ငံသားစိစစ်ရေးကတ်(National Registration Identity Card-NRC) အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုလားရာများ

### ၁. နိဒါန်း

၁။ မြန်မာနိုင်ငံတွင် အင်တာနက်ဆက်သွယ်ရေးကို အခြေခံသည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အသုံးပြုသူလူဦးရေသည်လည်း နှစ်စဉ် တိုးတက်များပြားလာပါသည်။ ၎င်းဝန်ဆောင်မှုလုပ်ငန်းများကို ရယူအသုံးပြုရန်အတွက် ငွေစာရင်း (Account)ဖွင့်လှစ်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များသည် အခြေခံ လိုအပ်သည့် အထောက်အထားများဖြစ်လာခဲ့ပြီး ၎င်းတို့၏ စစ်မှန်မှု၊ အချက်အလက်များ ခိုင်မာမှု၊ အတုအပပြုလုပ်ရန်ခက်ခဲစေနိုင်မှု စသည့် အရည်အသွေးများသည်လည်း အရေးကြီးလာပါသည်။

၂။ ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)[၁]အရ အသက်တစ်ဆယ်နှစ်ပြည့် သို့မဟုတ် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပါက နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားနိုင်ပြီး အသက်သုံးဆယ်နှစ်နှင့် အသက်လေးဆယ့် ငါးနှစ်ပြည့်သည့်အခါတွင် စိစစ်ရေးကတ်လဲလှယ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်း၊ သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ(၁)အရ[၂] မြန်မာနိုင်ငံတွင် လူဦးရေ ၅၁,၃၁၆,၇၅၆ ဦးခန့်(စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေအပါ အဝင်)ရှိပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ပတ်သက်၍ ရွှေ့ပြောင်းလူဦးရေစာရင်းသာ ထုတ်ပြန်ထားဆဲဖြစ်ကာ အသေးစိတ်ဆန်းစစ်လေ့လာမှုများ၊ စာရင်းအင်းများပါဝင်သည့် ပင်မ အစီရင်ခံစာကို ၂၀၂၅ ခုနှစ်မကုန်မီ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်[၃] ။

၄။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ[၄] မြန်မာနိုင်ငံတွင် လူဦးရေ ၅၁,၄၈၆,၂၅၃ ဦးခန့်(စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေ အပါအဝင်)ရှိပါသည်။ စာရင်းကောက်ယူနိုင်သော လူဦးရေ ၅၀,၂၇၉,၉၀၀ တွင် နိုင်ငံသား စိစစ်ရေးကတ် လျှောက်ထားနိုင်သည့် အသက်ဆယ်နှစ်နှင့်အထက် လူဦးရေ ၄၀,၉၈၈,၆၉၃ ဦးရှိပြီး နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားရန် မလိုအပ်သေးသည့် အသက်ဆယ်နှစ်နှင့်အောက် လူဦးရေ ၉,၂၉၁,၂၀၇ ဦးရှိပါသည်။

---

[၁] https://www.mlis.gov.mm/mLsView.do?lawordSn=၆၅၄၇

[၂] https://dop.gov.mm/en/publication-category/2024-provisional-result

[၃] http://www.mip.gov.mm/4087-2/

[၄] https://www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_၂၀၁၄_censusmyanmar.pdf

## ၂. ရည်ရွယ်ချက်

၅။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု၏ လားရာများကို နားလည်သိရှိပြီး အောက်ပါအတိုင်း အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည် -

(က) ကြီးကြပ်ရေးအာဏာပိုင်များ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(Anti-Money Laundering & Countering the Financing of Terrorism-AML/CFT)ဆိုင်ရာ ကြီးကြပ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရေးလုပ်ငန်း(Sectoral Risk Assessment) များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊

( ခ ) သတင်းပို့အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due-Diligence-CDD)လုပ်ငန်းစဉ်များနှင့် သတင်းပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊

( ဂ ) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(Law Enforcement Agency-LEA)များ၏ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း(Financial Investigation) ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်။

## ၃. သတင်းအချက်အလက်အသုံးပြုမှု

၆။ ၂၀၂၄ ခုနှစ်အတွင်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(Financial Intelligence Unit-FIU)က လက်ခံရရှိသည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက် (Suspicious Transaction Report-STR)များ၊ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် လုပ်ငန်းနယ်ပယ်အလိုက်စိစစ်ချက်အစီရင်ခံစာ(Operational Analysis Reports-OAR) များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ Feedback များနှင့် Open Source မှ ရရှိသည့် သတင်း အချက်အလက်များကို အခြေခံထားပါသည်။

## ၄. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်(STR)လက်ခံရရှိမှု

၇။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ငွေသားလွှဲပြောင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်(STR) ၁၁၃၃ စောင် လက်ခံရရှိခဲ့ပါသည်။ ယင်း STR များအနက်မှ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် STR ၁၀၂ စောင် လက်ခံရရှိခဲ့ပါသည်။ သတင်းပို့အဖွဲ့အစည်းများအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် STR လက်ခံရရှိမှုအား အောက်ဖော်ပြပါပုံ(၁)တွင် ဖော်ပြထားရှိပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွှယ်သည့် STR များနှင့်စပ်လျဉ်း၍ လွှဲပြောင်းမှုတန်ဖိုးပမာဏစိစစ်မှုများအား **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြထားပါသည်။




**ပုံ(၁)သတင်းပို့အဖွဲ့အစည်းများအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR လက်ခံရရှိမှု**

## ၅. နေရာဒေသအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်(STR) လက်ခံရရှိမှု

၈။ ၂၀၂၄ ခုနှစ်အတွင်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က လက်ခံရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သော သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များကို နေရာဒေသအလိုက် သတ်မှတ်ဆောင်ရွက်ရာတွင် ပေးပို့သူ (Conductor)၏ လွှဲပြောင်းဆောင်ရွက်မှုစတင်သည့် နေရာဒေသအပေါ် မူတည်၍ သတ်မှတ်ထားရှိပါသည်။ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုအနက် တိုင်းဒေသကြီး/ပြည်နယ် ၄ ခုမှ ပေးပို့လာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ STR ပေးပို့လာသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုတွင် မကွေးတိုင်းဒေသကြီးသည် အများဆုံးပေးပို့ထားပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒုတိယအများဆုံး ပေးပို့ထားသည်ကို တွေ့ရှိရပါသည်။




**ပုံ(၂)နေရာဒေသအလိုက် နိုင်ငံသားစိစစ်ရေးအတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR များ လက်ခံရရှိမှု**

## ၆. သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပါ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့် စပ်လျဉ်း၍ သံသယဖြစ်ဖွယ်အကြောင်းအရာများ

၉။ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပါ သံသယဖြစ်ဖွယ် အကြောင်းအရာများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်အတု အများအပြားဖြင့် ဘဏ်ငွေစာရင်း၊ မိုဘိုင်းငွေကြေးစာရင်း(Mobile Financial Services Account-MFSA)များ ဖွင့်လှစ်ခြင်း၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်များမှာ မှန်ကန်သော်လည်း ကိုင်ဆောင်သူ လူပုဂ္ဂိုလ်အမည် ကွဲလွဲနေခြင်း၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်တွင် ဆက်သွယ်ဆောင်ရွက်သူ၏ဓာတ်ပုံနှင့် မွေးသက္ကရာဇ်မှာ မှန်ကန်သော်လည်း အခြားလူပုဂ္ဂိုလ်တစ်ဦး၏ ဖခင်အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာများဖြစ်နေခြင်း၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်တွင် စိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ မတူညီသော်လည်း ဓာတ်ပုံတူညီနေခြင်း၊

(င) ဆက်သွယ်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်တွင် စိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ် မတူညီသော်လည်း အခြားအချက်အလက်များ တူညီနေခြင်း။

## ၇. နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)များ ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) အမှုတွဲဖွင့်လှစ်မှု

၁၀။ ၂၀၂၄ ခုနှစ်တစ်နှစ်တာကာလအတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU) အနေဖြင့် လက်ခံရရှိသော နိုင်ငံသားစိစစ်ရေးကတ်အတုများနှင့်စပ်လျဉ်းသည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)အပေါ် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| NRC အတုဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA) ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ OAR အမှုတွဲဖွင့်လှစ်မှု | |
|---|---|
| OAR အမှုတွဲ ဖွင့်လှစ်စိစစ်မှု | ၁၂ မှု |
| ပါဝင်သူဦးရေ | ၈၁ ဦး |
| NRC၊ ယာဉ်မောင်းလိုင်စင်အတုဖြင့် ဖွင့်လှစ်သည့် Account အရေအတွက် | ၁၀၀,၉၅၁ ခု |
| လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြန်ကြားစာအရ NRC အတု အရေအတွက် | ၁၀၀,၂၂၇ ခု |
| လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြန်ကြားစာအရ NRC အစစ်အရေအတွက် | ၃၂ ခု |

**ဇယား(၁)NRC အတုဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA) ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ OAR အမှုတွဲဖွင့်လှစ်မှု**

## ၈. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ခြင်း (Operational Analysis) ပြုလုပ်နိုင်မှု

၁၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က လက်ခံရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့် ဆက်နွှယ်သည့် STR များအား လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ခြင်း (Operational Analysis)ပြုလုပ်၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များသို့ လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) ၁၂ ခုအား ဖြန့်ဝေနိုင်ခဲ့ပါသည်။ Operational Analysis ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ဆက်နွှယ်သည့် STR ၉၆ စောင်အား အသေးစိတ်ခွဲခြမ်းစိတ်ဖြာ(Deep Analysis)နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် တစ်နှစ်တာ ကာလအတွင်း လက်ခံရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်မှုများနှင့် ဆက်နွှယ်သည့် STR စုစုပေါင်း ၁၀၂ စောင်နှင့် နှိုင်းယှဉ်ပါက ၉၄ % အသေးစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။




**ပုံ(၃) နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်ဆက်နွှယ်သည့် STR များအပေါ် Deep Analysis ပြုလုပ်နိုင်မှု**

## ၉. ဌာနများအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) ဖြန့်ဝေနိုင်မှု

၁၂။ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် OAR ၁၂ ခုအား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA) ၃ ခု၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်း ၂ ခုနှင့် သတင်းပို့အဖွဲ့အစည်း ၃ ခုတို့သို့ ၄၄ ကြိမ် ဖြန့်ဝေနိုင်ခဲ့ပါသည်။ ဌာနအလိုက်ဖြန့်ဝေမှုအား အောက်ဖော်ပြပါပုံတွင် ဖော်ပြထားရှိပါသည်-




**ပုံ(၄)ဌာနများအလိုက် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် OAR ဖြန့်ဝေနိုင်မှု**

## ၁၀. တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ စုံစမ်းထောက်လှမ်းမှုများတွင် ဖော်ထုတ်တွေ့ရှိရသည့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်ဆက်နွယ်သည့်မှုခင်း(Crime Type)များ

၁၃။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)မှ ဖြန့်ဝေခဲ့သည့် OAR များအပေါ် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ စုံစမ်းထောက်လှမ်းချက်များအရ Online လောင်းကစားမှု၊ Online လိမ်လည်မှု ကျူးလွန်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးပြု၍ ကျူးလွန်လေ့ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၄။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်ဆက်နွယ်သည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR) ၁၂ ခု၊ Online လောင်းကစားမှုနှင့် ဆက်နွယ်သည့် OAR ၇ ခု၊ Online လိမ်လည်မှုနှင့် ဆက်နွယ်သည့် OAR ၄၁ ခုတို့အား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များသို့ ဖြန့်ဝေနိုင်ခဲ့ပါသည်-




**ပုံ(၅)နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်စပ်လျဉ်းသည့် Operational Analysis Report ဖြန့်ဝေနိုင်မှု**

၁၅။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)မှ ဖြန့်ဝေခဲ့သော နိုင်ငံသားစိစစ်ရေးကတ်အတု၊ Online လောင်းကစားမှု၊ Online လိမ်လည်မှုတို့နှင့် ဆက်နွယ်သည့် OAR ပါ သတင်းအချက်အလက်များအပေါ် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ စုံစမ်းထောက်လှမ်းချက်အရ နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယဖြစ်ဖွယ်အကြောင်းအရင်းများအား အောက်ပါအတိုင်း ဖော်ထုတ်ရရှိပါသည်-

(က) သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှတ်တမ်းများအရ ထုတ်ပေးမှုအမှတ် မရောက်ရှိသေးသည့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်များဖြစ်နေခြင်း၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ မှန်ကန်မှုရှိကြောင်း တွေ့ရှိရသော်လည်း စိစစ်ရေးကတ်ပါနေရပ်လိပ်စာ၌ ယခင်ကနေထိုင်ခဲ့သော်လည်း လက်ရှိနေထိုင်မှုမရှိခြင်း၊ အခြားဒေသများသို့ ပြောင်းရွှေ့သွားခြင်း၊

( ဂ ) အခကြေးငွေရယူပြီး မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်း၍ Special Account၊ Mobile Banking Account၊ မိုဘိုင်းငွေကြေးစာရင်း(MFSA)၊ ငွေစုဘဏ်စာအုပ်၊ ATM ကတ် အကောင့်များ ဖွင့်လှစ်ခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်နှင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)အား အခြားသူများထံ ငှားရမ်းအသုံးပြုခြင်း၊

( င ) အခြားလူပုဂ္ဂိုလ်၏ အမည်ဖြင့် ထုတ်ပေးထားရှိသော နိုင်ငံသားစိစစ်ရေးကတ် အမှတ်ဖြစ်နေခြင်းနှင့် ယင်းစိစစ်ရေးကတ်ပါ နေရပ်လိပ်စာများ မှားယွင်းနေခြင်း၊

( စ ) အခြားအသက်အရွယ်ကြီးရင့်သူ၊ သေဆုံးပြီးသူများအား ထုတ်ပေးထားရှိသော နိုင်ငံသားစိစစ်ရေးကတ်အမှတ်များဖြစ်နေခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ် အမှတ်များ တူညီနေခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်ပါ ဖခင်အမည်ကွဲလွဲနေခြင်း၊ စိစစ်ရေးကတ်ပါ နေရပ်လိပ်စာတွင် လက်ရှိနေထိုင်မှု မရှိခြင်း၊ နေရပ်လိပ်စာ မှားယွင်းခြင်း။

**၁၁. ဖော်ထုတ်တွေ့ရှိရသည့် နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးချသည့်နည်းလမ်းများ**

၁၆။ ဤအစီရင်ခံစာတွင် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များအပေါ် ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းလုပ်ငန်းစဉ် အရလည်းကောင်း၊ Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ စုံစမ်းထောက်လှမ်းချက်များအရလည်းကောင်း ဖော်ထုတ်ရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်အတုကို အသုံးချသည့် နည်းလမ်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်အတုများ၊ ယာဉ်မောင်းလိုင်စင်အတုများဖြင့် ဘဏ်ငွေ စာရင်းများ၊ မိုဘိုင်းငွေကြေးစာရင်း(MFSA)များ ဖွင့်လှစ်ခြင်း၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)ဖွင့်လှစ်ပြီး မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ ပေးအပ်သည့် ဝန်ဆောင်မှုများ အပေါ် အမြတ်ထုတ်ခြင်း၊ (ဥပမာ-နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် မိုဘိုင်းငွေကြေး စာရင်း(MFSA)များဖွင့်လှစ်ကာ ၎င်းငွေစာရင်း(Account)များအကြား ငွေကြေးများ အပြန်အလှန် လွှဲပြောင်းခြင်းဖြင့် Cashback Promotion များကို ရယူခြင်း)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များကို Online လောင်းကစားမှုကျူးလွန်ရာတွင် ငွေကြေးများလွှဲပြောင်းလက်ခံရယူရာ၌ အသုံးချခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များကို Online လိမ်လည်မှုကျူးလွန်ရာတွင် နစ်နာသူ(Victim)ထံမှ ငွေကြေးများ လွှဲပြောင်းလက်ခံရယူရာ၌ အသုံးချခြင်း၊

( င ) နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များကို အသုံးပြု၍ လျှို့ဝှက်ငွေကြေး(Crypto Currency)များ ဝယ်ယူခြင်း။

## ၁၂. နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့် ငွေကြေးခဝါချမှုတို့အကြား ဆက်နွှယ်မှု

၁၇။ ၂၀၂၄ ခုနှစ်တစ်နှစ်တာကာလအတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)မှ လက်ခံရရှိသော သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု(STR)များအပေါ် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်များအရ နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးပြု၍ ဘဏ်ငွေစာရင်းများ၊ မိုဘိုင်းငွေကြေးစာရင်း(MFSA)များ အများအပြား ဖွင့်လှစ်၍ Cashback Promotion ရယူရန် ကြိုးပမ်းကြသည်ကို တွေ့ရှိရပါသည်။ Online လောင်းကစားမှု၊ Online လိမ်လည်မှုများ ကျူးလွန်ရာတွင် မဖြစ်မနေ အသုံးပြုရသည့် Mobile SIM Card ဝယ်ယူ၊ မှတ်ပုံတင်ရာတွင်လည်းကောင်း၊ ငွေစာရင်း(Account)များ ဖွင့်လှစ်ရာတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်အတုများ၊ ယာဉ်မောင်းလိုင်စင်အတုများနှင့် အခြားလူပုဂ္ဂိုလ်များ၏ နိုင်ငံသားစိစစ်ရေးကတ်များကို အခကြေးငွေပေး၍ ရယူပြီး ကြားခံအဖြစ် အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

၁၈။ ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်အတုများ၊ အခြားလူပုဂ္ဂိုလ်များ၏ နိုင်ငံသားစိစစ်ရေးကတ်များကို အသုံးပြုခြင်းအားဖြင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးများလွှဲပြောင်းရာ၌ ငွေကြေးစီးဆင်းမှု(Money Trail)ကို နောက်ကြောင်းလိုက်လံဖော်ထုတ်ခြင်းမခံရစေရန်၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner-BO)ကို ဖုံးကွယ်နိုင်စေရန်၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များ၏ ဖမ်းဆီးခံရခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းခံရခြင်းမှ ရှောင်ရှားနိုင်စေရန်တို့အတွက် ကြိုးပမ်းအားထုတ်လာရာမှ ငွေကြေးခဝါချမှုနှင့် ဆက်နွှယ်လာပါသည်။

## ၁၃. ဖြစ်စဉ်နမူနာများ

၁၉။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က ဖြန့်ဝေသည့် လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR)ပါ အချက်အလက်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း(LEA)များထံမှပြန်ကြားလာသည့် Feedback များအရ ဒုစရိုက်သမားများသည် နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ မတူညီသည့်ဘဏ်များတွင် ဘဏ်ငွေစာရင်းများ၊ မိုဘိုင်းငွေကြေးစာရင်း(MFSA)များ အများအပြားဖွင့်လှစ်ထားကြောင်း တွေ့ရှိရပါသည်။ ယင်းငွေစာရင်းများကို Online လိမ်လည်မှုများ ကျူးလွန်ရာတွင် နစ်နာသူ(Victim)များထံမှ ငွေကြေးများလက်ခံရာ၌ အသုံးချကြောင်း တွေ့ရှိရပါသည်။

၂၀။ ထို့အပြင် လိမ်လည်ရာမှရရှိသည့်ငွေကြေးများ(Proceeds of Crime-POC)ကို နိုင်ငံသား စိစစ်ရေးကတ်အတုဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များဖြင့် လျှို့ဝှက်ငွေကြေး (Crypto Currency)များဝယ်ယူပြီး ပြည်ပသို့ လွှဲပြောင်းခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း (LEA)များ၏ စုံစမ်းထောက်လှမ်းခံရခြင်း၊ ငွေကြေးများလိုက်လံသိမ်းဆည်းခံရခြင်းများမှ ရှောင်ရှားရန် ကြိုးပမ်းကြကြောင်း တွေ့ရှိရပါသည်။

၂၁။ ထို့အပြင် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုဖြစ်စဉ်များတွင် နိုင်ငံသားစိစစ်ရေးကတ် အတုများအား နေရာဒေသအများအပြားမှ ပို့ဆောင်ပေးသည်ကို တွေ့ရှိရသဖြင့် နိုင်ငံသား စိစစ်ရေးကတ်အတုပြုလုပ်မှုကို အုပ်စုဖွဲ့ကျူးလွန်နေနိုင်ကြောင်း သုံးသပ်ရပါသည်။

**ဖြစ်စဉ်နမူနာ(၁)။ မရမ်းကုန်းမြို့မရဲစခန်း(ပ)၂၅၉/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)နှင့် (ပ)၁၉/ ၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၈/၄၇၁**

၁။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် သတင်းပို့အဖွဲ့အစည်းတစ်ခုမှ ပေးပို့လာသည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR) ၁ စောင်အား ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်းဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်အတုများ အသုံးပြုပြီး ငွေစာရင်းများ ဖွင့်လှစ်ကာ ငွေပမာဏ အများအပြားကို အလီလီခွဲ၍ လွှဲပြောင်းနေကြောင်း စိစစ်တွေ့ရှိရသူ **Mr.A နှင့် Mr.B** တို့နှင့် စပ်လျဉ်းသည့် စိစစ်ချက်ရလဒ်များအား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ ဖြန့်ဝေခဲ့ပါသည်။

၂။ သတင်းအချက်အလက်ပါ Mr. A နှင့် Mr. B တို့၏ ဘဏ်ငွေစာရင်းများသည် မရမ်းကုန်းမြို့မရဲစခန်း (ပ)၂၅၉/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)အမှုမှ တရားခံ Mr.Chan နှင့် Mr.E တို့က ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဘဏ်ငွေစာရင်းများတွင် ပါဝင်နေကြောင်း စိစစ်တွေ့ရှိရသဖြင့် ယင်းတရားခံများအား စစ်ဆေးခဲ့ပါသည်။

၃။ စိစစ်ချက်အရ တရားခံ Mr.Chan သည် လာအိုနိုင်ငံ၊ ရွှေတြိဂံဒေသနေ Mr.Chong ဆိုသူမှ လိမ်လည်ရရှိသည့် မြန်မာငွေများအား ဘဏ်ငွေစာရင်းတွင် လွှဲပြောင်း၍ USDT များ ဝယ်ယူကာ ၎င်းထံ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်ခအဖြစ် အကျိုးအမြတ် ၁ ရာခိုင်နှုန်းပေးမည်ဖြစ်ကြောင်း Telegram မှတစ်ဆင့် ဆက်သွယ်လာကြောင်း၊ ထို့ကြောင့် ၎င်းနှင့် အခြားလူပုဂ္ဂိုလ် ၄ ဦး၏ ဓာတ်ပုံများဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတု ၁၈ ခုကို အခကြေးငွေ တစ်ခုလျှင် ဆယ်သိန်းကျပ်နှုန်းဖြင့် ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်ပေးရန် Telegram မှတစ်ဆင့် ဆက်သွယ်ပြောကြားသူမှာ တရုတ်စကားပြော ကိုးကန့်လူမျိုးဖြစ်ပါကြောင်း၊ **နိုင်ငံသားစိစစ်ရေးကတ်အတုများအား နေပြည်တော်၊ ရန်ကုန်၊ ပုသိမ်၊ ပြင်ဦးလွင်မြို့တို့မှ မန္တလေးမြို့သို့ ခရီးသည်တင်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း**နှင့် စိစစ်ရေးကတ် အတု ၁၇ ခု၊ ဖုန်းနံပါတ် ၁၆ ခုဖြင့် KBZ Pay Acc နှင့် Bank Acc ၂၃ ခု ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။

၄။ လာအိုနိုင်ငံနေ Mr.Chong သည် တရားခံ Mr.Chan အား Crypto-currency(USDT)အသုံးပြုနည်းနှင့် စောင့်ကြည့်ပူးပေါင်းဆောင်ရွက်ရန်အတွက် Mr.Lee အား စေလွှတ်ပေးခဲ့ကြောင်း၊ Mr.Chong နှင့် အလုပ်အတူလုပ်ကိုင်သူ Mr.Wan တို့သည် လာအိုနိုင်ငံရှိ ကျားဖြန့်လုပ်ကိုင်သူများနှင့် ချိတ်ကာ လိမ်လည် ရရှိငွေများအား တရားခံ Mr.Chan ထံလွှဲပြောင်းပေးရန် Telegram Group မှတစ်ဆင့် ငွေစာရင်း အမှတ်များ တောင်းခံ၍ မြန်မာငွေများ လွှဲပြောင်းပေးကြောင်း၊ တရားခံ Mr.Chan မှ ယင်းငွေများဖြင့် USDT ဝယ်ယူ၍ Mr.Chong နှင့် Mr.Wan တို့ထံ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ အကျိုးအမြတ် ၁ ရာခိုင်နှုန်း ရရှိကြောင်း သိရှိရပါသည်။

၅။ တရားခံ Mr.Chan သည် ၎င်း၏ ဓာတ်ပုံဖြင့် ပြုလုပ်ထားသော နိုင်ငံသားစိစစ်ရေးကတ်အတု ၅ ခုပါအမည်ဖြင့် ဖွင့်လှစ်ခဲ့သည့်ငွေစာရင်းများအနက် ဖြန့်ဝေခဲ့သည့်သတင်းအချက်အလက်ပါ **Mr.A** နှင့် **Mr.B** တို့၏ ငွေစာရင်းများဖြစ်ကြောင်းနှင့် တရားခံ Mr.Chan အား မရမ်းကုန်းမြို့မရဲစခန်း(ပ)၁၉/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀၊ ၄၆၈/၄၇၁ အမှုဖွင့်လှစ်နိုင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၆။ ဖြစ်စဉ်တွင် Online မှတစ်ဆင့် လိမ်လည်ရရှိသည့် မြန်မာငွေများအား လက်ခံခြင်းနှင့် USDT ဝယ်ယူလွှဲပြောင်းခြင်းတို့ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ၁၃ လုံး၊ ဘဏ်စာအုပ် ၂၀ အုပ်၊ နိုင်ငံသားစိစစ်ရေးကတ်အစစ် ၃ ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်အတု ၁၀ ကတ်၊ မြန်မာငွေ ၅,၀၇၅,၀၀၀/-ကျပ်၊ တရုတ်ယွမ် ၅၂၀၊ ထိုင်းဘတ်ငွေ ၁၀၀၊ ယာဉ်အမှတ် 2R-7638 Artiga အမျိုးအစား အဖြူရောင်ယာဉ် ၁ စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး USDT Account ၄ ခုအတွင်းမှ USDT 1283.91906 အား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်အတု ၁၇ ခုအား အသုံးပြု၍ ဘဏ်ငွေစာရင်း ၂၃ ခုနှင့် KBZPay ၁၆ ခု ဖွင့်လှစ်ပြီး လိမ်လည်မှု ကျူးလွန်ခဲ့သည့် ဖြစ်စဉ် (မှုခင်းဖြစ်စဉ်နမူနာ ၁ မှ Link Chart)**




**ရည်ညွှန်းချက်**

- လိမ်လည်မှုမှရရှိသောငွေကြေးများစီးဆင်းမှု
- Crypto Currency များအဖြစ်ပြောင်းလဲ၍ ငွေကြေးများပြန်လည်ပေးပို့မှုလမ်းကြောင်း
- နိုင်ငံသားစိစစ်ရေးကတ်အတုများပြုလုပ်မှု
- နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ ဘဏ်ငွေစာရင်းနှင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)ဖွင့်လှစ်မှု
- ဆက်နွှယ်မှု(တော်စပ်မှု)လမ်းကြောင်း

**ဖြစ်စဉ်နမူနာ(၂)။ လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR)အမှတ် OAR-084/2024**

၁။ လူပုဂ္ဂိုလ်တစ်ဦးထံ OPT Code တောင်းခံ၍ ၎င်း၏ငွေစာရင်းအတွင်းမှ ငွေကျပ် ၆၇,၈၄၅,၀၀၀/-အား ထုတ်ယူသွားသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)သို့ သတင်းပို့အဖွဲ့အစည်းတစ်ခုမှ ပေးပို့လာသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR) ၁ စောင်အား ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းဆောင်ရွက်ခဲ့ရာ Ms.A၊ Ms.B၊ Mr.C၊ Mr.D၊ Mr.E၊ Mr.F၊ Mr.G၊ Mr.H နှင့် Mr.I တို့ ၉ ဦး၏ မိုဘိုင်းငွေကြေးစာရင်း(MFSA) ၉ ခုထဲသို့ ငွေကျပ် ၅၀,၀၀၀,၀၀၀/-(သိန်းငါးရာ)လွှဲပြောင်းထားကြောင်းနှင့် Mobile Phone ၁၂ လုံးသို့ Mobile Top-Up အဖြစ် ငွေကျပ် ၁၀၀၀၀/-၊ ၃၀၀၀၀/-၊ ၅၀၀၀၀/-နှုန်းဖြင့် ၅၉၁ ကြိမ်၊ စုစုပေါင်း ငွေကျပ် ၁၇,၈၄၅,၀၀၀/-(တစ်ရာခုနှစ်ဆယ့်ရှစ်သိန်းလေးသောင်းငါးထောင်)တွေ့ရှိရသဖြင့် စိစစ်တွေ့ရှိရသူ Ms.A၊ Ms.B၊ Mr.C၊ Mr.D၊ Mr.E၊ Mr.F၊ Mr.G၊ Mr.H နှင့် Mr.I တို့ ၉ ဦးနှင့်စပ်လျဉ်းသည့် စိစစ်ချက်ရလဒ်များအား တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများထံ ဖြန့်ဝေခဲ့ပါသည်။

၂။ စိစစ်ချက်အရ ဖြန့်ဝေစာပါ အဆိုပါလူပုဂ္ဂိုလ် ၉ ဦးအနက် Ms.A ၏ နိုင်ငံသားစိစစ်ရေးကတ်မှာ ထုတ်ပေး ထားခြင်းမရှိသော စိစစ်ရေးကတ်ဖြစ်နေကြောင်း၊ Ms.B နှင့် Mr.I တို့၏ စိစစ်ရေးကတ်အမှတ်များမှာ တူညီ နေကြောင်း၊ Ms.B၊ Mr.C၊ Mr.D၊ Mr.E၊ Mr.F၊ Mr.G၊ Mr.H နှင့် Mr.I တို့၏ နေရပ်လိပ်စာများနှင့် စိစစ်ရေးကတ် အမှတ်များမှာ မှားယွင်းနေကြောင်း၊ စိစစ်ရေးကတ်ပါ Mr.E ၏ မွေးသက္ကရာဇ်အရ အသက်မှာ ၁၇၆ နှစ်၊ Mr.F ၏ အသက်မှာ ၁၈၆ နှစ်၊ Mr.H ၏အသက်မှာ ၈၄ နှစ်နှင့် Mr.I ၏ အသက်မှာ ၈၃ နှစ်တို့ဖြစ်နေကြောင်း ဖော်ထုတ် တွေ့ရှိရပါသည်။

**ဖြစ်စဉ်နမူနာ(၃)။ လုပ်ငန်းနယ်ပယ်အလိုက် စိစစ်ချက်အစီရင်ခံစာ(OAR)အမှတ် OAR-092/2024**

၁။ လူပုဂ္ဂိုလ်တစ်ဦးသည် ၅-၂-၂၀၂၄ ရက်နေ့တွင် ပြည်တွင်းဘဏ်(တိုက်ကြီးဘဏ်ခွဲ)၌ Msူ.A ၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ် ၄/ဟခန(နိုင်)၀၀၀၀၀၀ ဖြင့် ငွေစာရင်းဖွင့်လှစ်ခဲ့ကြောင်း၊ ၁၃-၂-၂၀၂၄ ရက်နေ့တွင် Ms.B ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၄/ထတလ(နိုင်)၀၀၀၀၀၁ ဖြင့် ပြည်ပနိုင်ငံတစ်ခုမှ Western Union ဖြင့် လွှဲပို့သော ငွေကျပ် ၃,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးဆယ်)အား ထုတ်ယူခဲ့ကြောင်း၊ ယင်းငွေများအား တိုက်ကြီး ဘဏ်ခွဲ၌ Ms.A အမည်ဖြင့် ဖွင့်လှစ်ထားသော ငွေစာရင်းအတွင်းသို့ ထည့်သွင်းခြင်းဆောင်ရွက်ခဲ့ကြောင်း၊ စိစစ်ချက်အရ Ms.A အမည်ဖြင့် ငွေစာရင်းဖွင့်လှစ်စဉ် အသုံးပြုခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် Western Union ဖြင့် ငွေထုတ်ယူစဉ် အသုံးပြုခဲ့သည့် Ms.B အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့မှာ ကွဲလွဲနေသည်ကို တွေ့ရှိရကြောင်း၊ Ms.A မှာ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးသွားသဖြင့် Ms.B အမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်အသစ် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့(FIU)သို့ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)အဖြစ် ပေးပို့လာခြင်းဖြစ်ပါသည်။

၂။ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်အရ Ms.B၊ မွေးသက္ကရာဇ် ၂၀-၁၂-၁၉၉၀၊ ဖခင်အမည် Mr.C ၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ် ၄/ထတလ(နိုင်)၀၀၀၀၀၁ မှာ ပယ်ဖျက်ပြီးကတ်ဖြစ်ကြောင်း၊ Ms.A ၊ မွေးသက္ကရာဇ် ၂၁-၂-၁၉၈၉၊ ဖခင်အမည် Mr.D ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၄/ဟခန(နိုင်)၀၀၀၀၀၀ မှာ အတည်ပြုပြီး ကတ်ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ် ၂ ခုကိုင်ဆောင်အသုံးပြုနေကြောင်း တွေ့ရှိရသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများသို့ သတင်းအချက်အလက် ဖြန့်ဝေမှု ဖြစ်ပါသည်။

## ၁၄. သုံးသပ်တင်ပြချက်

၂၂။ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ငွေစာရင်း(Account)ဖွင့်လှစ်ခြင်း၊ လွှဲပြောင်း/ ထုတ်ယူခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD)နှင့် လွှဲပြောင်းဆောင်ရွက်မှုအပေါ် စောင့်ကြည့်ခြင်း (Transaction Monitoring) လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၃။ နိုင်ငံသားစိစစ်ရေးကတ် အတုများအသုံးပြု၍ ဘဏ်ငွေစာရင်းနှင့် မိုဘိုင်းငွေကြေးစာရင်း (MFSA)များဖွင့်လှစ်ပြီး ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခြင်းမှကာကွယ်နိုင်ရန်အတွက် **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ**အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည် -

(က) ငွေစာရင်း (Account)များ ဖွင့်လှစ်ရာတွင် Online Registration ဖြင့် ဆောင်ရွက်ခြင်း မပြုရန်နှင့် လူကိုယ်တိုင် မျက်မြင်ဆောင်ရွက်သည့်စနစ်(Face to Face)ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ခ) မိုဘိုင်းငွေကြေးစာရင်း(MFSA)များသို့ ဝင်ရောက်ရမည့် Password များကို Two factors authentication system ဖြင့် ထားရှိကျင့်သုံးခြင်း၊ လုံခြုံရေးစနစ်မြှင့်တင်ခြင်း (ဥပမာ- လက်ဗွေ၊ မျက်ကြည်လွှာ၊ မျက်နှာပုံသဏ္ဍာန် သို့မဟုတ် အသံစနစ်ဖြင့် အတည်ပြုသည့် လုံခြုံရေးစနစ် ထည့်သွင်းခြင်း)

(ဂ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (CDD) လုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဆက်စပ်စာရွက်စာတမ်းများကို တိုးမြှင့်စိစစ်ခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အတုများ အသုံးပြု၍ ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account)များကို စိစစ်ဖော်ထုတ်ခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်း(နည်းပညာဖြင့် စစ်ဆေး ခြင်းများအပါအဝင်)၊

(င) ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များရယူချိန်၌ လိုအပ်ပါက Biometric အထောက်အထားများရယူခြင်း(ဥပမာ-Facial Scan နှင့် Finger-print များ ရယူခြင်း)၊

(စ) မိမိတို့ရယူထားရှိသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များကို နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိစေရန် ပြန်လည်စိစစ်ခြင်းများ ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်အတုများ အသုံးပြု၍ ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account)များ၊ မိုဘိုင်းငွေကြေးစာရင်း(MFSA)များ စိစစ်တွေ့ရှိရပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) မိုဘိုင်းငွေကြေးစာရင်း(MFSA)များကို Level မြှင့်တင်ခြင်းနှင့် Customer Acceptance Policy များ ထားရှိဆောင်ရွက်ခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်အတုများ၊ ယာဉ်မောင်းလိုင်စင်အတုများနှင့် စပ်လျဉ်း၍ မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် တလွဲအသုံးပြုနိုင်သည့် ဆုံးရှုံးနိုင်ခြေများ ဖော်ထုတ်အကဲဖြတ်ခြင်း။

၂၄။ ထို့အပြင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် မိုဘိုင်းငွေကြေးစာရင်း (MFSA)များနှင့် စပ်လျဉ်း၍ Term of Services တွင် နိုင်ငံသားစိစစ်ရေးကတ်အတု အသုံးပြုမှုနှင့်စပ်လျဉ်းသည့် တားမြစ်ချက်ကို အတိအလင်း ဖော်ပြထားသင့်ပါသည်။ ဥပမာ - နိုင်ငံသားစိစစ်ရေးကတ်အတုအသုံးပြု၍ Account ဖွင့်လှစ်ရန် ကြိုးပမ်းကြောင်း သို့မဟုတ် Account ဖွင့်လှစ်ထားကြောင်း စိစစ်တွေ့ရှိရပါက ၎င်း Account အား ပိတ်သိမ်း၍ ငွေကြေးများကို သိမ်းဆည်းပြီး သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ အကြောင်းကြားအရေးယူသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသင့်ပါသည်။ သို့မှသာ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)များ ဖွင့်လှစ်အသုံးပြုမှု သို့မဟုတ် ဖွင့်လှစ်ရန် ကြိုးပမ်းအားထုတ်မှုအပေါ် အတော်အသင့် ဟန့်တားနိုင်မည်ဖြစ်ပါသည်။ ယင်းအပြင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာ(Integrity)မြင့်မားလာပြီး သုံးစွဲသူများ၏ ယုံကြည်အားထားမှု(Public Trust)လည်း တိုးတက်ရရှိလာမည် ဖြစ်ပါသည်။

၂၅။ ထို့အပြင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက် (Know Your Customer-KYC) များကို သိရှိအောင်ဆောင်ရွက်ခြင်းနှင့် အလေးထားစိစစ်ခြင်း(CDD)ဆောင်ရွက်ရာ၌လည်းကောင်း၊ Telecom များအနေဖြင့် SIM Card များရောင်းချခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို မျက်မြင်အကြမ်းဖျဉ်း စိစစ်ရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်တွင် ပြင်ရာဖျက်ရာများ ရှိ မရှိ၊

( ခ ) ထုတ်ပေးသည့်ကာလအပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ်အရောင် တောက်ပနေခြင်း သို့မဟုတ် အရောင်မှေးမှိန်နေခြင်း ရှိ မရှိ၊

( ဂ ) ဆက်သွယ်ဆောင်ရွက်သူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဓာတ်ပုံတူညီမှု ရှိ မရှိ၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အမှတ်စဉ် ကိန်းဂဏန်းများ၊ မြို့နယ်ကိုယ်စားပြုအတိုကောက်အမည်များ မှန်ကန်မှု ရှိ မရှိ၊

(ဥပမာ- **၁/ မကန**(နိုင်) သို့မဟုတ် **၁၂/ မကန**(နိုင်)

( င ) ဆက်သွယ်ဆောင်ရွက်သူ၏ လက်ရှိနေရပ်လိပ်စာမှာ အမှန်တကယ် နေထိုင်ခြင်း ရှိ မရှိနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြထားသော လိပ်စာများ မှန်ကန်မှု ရှိ မရှိ(ဥပမာ-မြို့တစ်ခုတွင် ရပ်ကွက် ၁၂ ရပ်ကွက်သာရှိသော်လည်း ၁၃ ရပ်ကွက်ဟု ဖော်ပြထားခြင်း)၊

( စ ) အသက်အရွယ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပါ မွေးသက္ကရာဇ်များအရ အသက်အရွယ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အသက်အရွယ် ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်ပါ ကိုယ်တွင်ထင်ရှားသောအမှတ်အသားများ အမှန်တကယ် ရှိ မရှိ၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယရှိပါက သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများ၏ ထောက်ခံစာရယူစေခြင်း သို့မဟုတ် ထုတ်ပေးထားခြင်း ရှိ မရှိ အတည်ပြုချက်ရယူခြင်း။

၂၆။ **ကြီးကြပ်ရေးအာဏာပိုင်**များအနေဖြင့် မိမိတို့ကြီးကြပ်ရသည့် သတင်းပို့အဖွဲ့အစည်းများအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုများနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD)ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိ၊ မှတ်တမ်းများအား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ ကြီးကြပ်စစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်။

၂၇။ ထို့အပြင် အခြားသူတစ်ဦးထံ နိုင်ငံသားစိစစ်ရေးကတ်များငှားရမ်းခြင်း၊ ပယ်ဖျက်ထားသော နိုင်ငံသားစိစစ်ရေးကတ်များ၊ သေဆုံးသူ၏ နိုင်ငံသားစိစစ်ရေးကတ်များကို အသုံးပြုခြင်းများ ပြုလုပ်ပါက ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂၀ အရ ထောင်ဒဏ်တစ်ဆယ့်နှစ် ကျခံနိုင်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ ၎င်းနိုင်ငံသားစိစစ်ရေးကတ်များအသုံးပြု၍ ဘဏ်ငွေစာရင်းများ၊ မိုဘိုင်းငွေကြေးစာရင်း(MFSA) များ ဖွင့်လှစ်ခြင်းမပြုစေရန် သက်ဆိုင်ရာအာဏာပိုင် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန စသည်ဖြင့်)များက အများပြည်သူအား အသိပညာပေးဆောင်ရွက်ခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ **အသိပေးကြေညာချက်**[၅] ထုတ်ပြန်ခြင်းများ ဆောင်ရွက်သင့်ပါသည်။

၂၈။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးတွင် နိုင်ငံသားစိစစ်ရေးကတ်နှစ်ခု ကိုင်ဆောင်အသုံးပြုနေခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုကို လူပုဂ္ဂိုလ် ၂ ဦးမှ အသုံးပြုနေခြင်းများ မရှိစေရန်အတွက် **နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးသော အာဏာပိုင်**အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်(ပျောက်ဆုံး/ပျက်စီး)လျှောက်ထားလာမှုများအပေါ် လိုအပ်သည့် အထောက်အထားများ အပြည့်အစုံရယူ၍ စိစစ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံသားစိစစ်ရေးကတ်များ အတုအပ မပြုလုပ်နိုင်စေရန်အတွက် အီလက်ထရောနစ်မှတ်ပုံတင်စနစ်(e-ID)စနစ်ကို အမြန်ဆုံးအသုံးချနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

၂၉။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂၁ တွင် "မည်သူမဆို နိုင်ငံသားလက်မှတ် အတုပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ်ကျပ်ငါးသောင်း ကျခံစေရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ **တရားဥပဒေစိုးမိုးရေး**

---

[၅] ဥပမာ - (အခြားသူထံမှ ငှားရမ်းထားသော သို့မဟုတ် အတုပြုလုပ် ထားသော နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ ငွေစာရင်းအကောင့်များ၊ Mobile Pay Account များ ဖွင့်လှစ်ခြင်း မပြုရန်နှင့် ပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း စသည်ဖြင့်။)

**အဖွဲ့အစည်း(LEA)**များအနေဖြင့်လည်း Online လောင်းကစားမှု၊ Online လိမ်လည်မှုများအား စုံစမ်းစစ်ဆေးရာ၌ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သော SIM Card မှတ်ပုံတင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ငွေစာရင်း(Account)ဖွင့်လှစ်ထားသည့် နိုင်ငံသားစိစစ်ရေးကတ် အမှတ်များနှင့် ပြစ်မှုကျူးလွန်သူ၏ စိစစ်ရေးကတ်အမှတ်များ တိုက်ဆိုင်စစ်ဆေး၍ အတုပြုလုပ် ထားကြောင်း စစ်ဆေးပေါ်ပေါက်ပါက မြန်မာနိုင်ငံသားဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အမှုရေးဖွင့်အရေးယူခြင်းများ ဆောင်ရွက်သင့်ပါသည်။

၃၀။ ယင်းအပြင် ဘဏ်ငွေစာရင်း(Account)များနှင့် မိုဘိုင်းငွေကြေးစာရင်း(MFSA)များကို ဖွင့်လှစ်ရာ၌လည်းကောင်း၊ ခရီးသွားလာရာ၌လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များသည် မရှိမဖြစ် လိုအပ်သည့် အထောက်အထားများဖြစ်လာရာ ဒုစရိုက်သမားများအတွက် နိုင်ငံသား စိစစ်ရေးအတုများ ပြုလုပ်ရောင်းချရန်အတွက် တွန်းအားပေးမှုများဖြစ်ပေါ်လာပြီး အုပ်စုဖွဲ့ ကျူးလွန်မှုများ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူရန် လိုအပ်ပါသည်။

## ၁၅. နိဂုံး

၃၁။ အချုပ်အားဖြင့်ဆိုသော် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ရယူအသုံးပြုရန်အတွက် အခြေခံလိုအပ်သည့် အထောက်အထားများဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် မိုဘိုင်းငွေကြေးစာရင်း (MFSA)များဖွင့်လှစ်ပြီး Online လောင်းကစားမှု၊ Online လိမ်လည်မှုများတွင် ငွေကြေးများ လွှဲပြောင်း/ လက်ခံရယူရာ၌ အသုံးပြုကြသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတစ်ခုတည်းဖြင့် တိုက်ဖျက်ရုံဖြင့် မရဘဲ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ အားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ထိရောက်အောင်မြင်စွာ တားဆီးနိုင်မည်ဖြစ်ပါကြောင်း တင်ပြ အပ်ပါသည်။

**ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)**

နောက်ဆက်တွဲ(က)

## ၂၀၂၄ ခုနှစ်အတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က လက်ခံရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုများနှင့်ဆက်နွယ်သည့် STR ဆိုင်ရာ အချက်အလက်များ

| စဉ် | အမျိုးအစား | အရေအတွက် | ရေတွက်ပုံ |
|---|---|---|---|
| ၁ | လက်ခံရရှိသည့် STR ပေါင်း | ၁၁၃၃ | စောင် |
| ၂ | နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR လက်ခံရရှိမှုပေါင်း | ၁၀၂ | စောင် |
| ၃ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR | ၉၆ | စောင် |
| ၄ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR များထဲမှ တစ်စောင်လျှင်အများဆုံး လွှဲပြောင်းသည့် တန်ဖိုးပမာဏ | ၂၅,၀၀၀,၀၀၀ | ကျပ် |
| ၅ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာသည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR များထဲမှ တစ်စောင်လျှင် အနည်းဆုံး လွှဲပြောင်းသည့် တန်ဖိုးပမာဏ | ၀ | ကျပ် |
| ၆ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြီး OAR ဖြန့်ဝေခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR များထဲမှ တစ်စောင်လျှင်အများဆုံး လွှဲပြောင်းသည့် တန်ဖိုးပမာဏ | ၃၆,၈၃၇,၄၀၀ | ကျပ် |
| ၇ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ OAR ဖြန့်ဝေခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်မှုနှင့်ဆက်နွယ်သည့် STR များထဲမှ တစ်စောင်လျှင်အနည်းဆုံး လွှဲပြောင်းသည့် တန်ဖိုးပမာဏ | ၀ | ကျပ် |
| ၈ | အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ ဖြန့်ဝေခဲ့သည့် OAR ပေါင်း | ၁၂ | ခု |

**နောက်ဆက်တွဲ(ခ)**

## အတိုကောက်ဝေါဟာရများ

| အတိုကောက် | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| **AML/CFT** | Anti-Money Laundering / Countering the Financing of Terrorism<br>ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး |
| **BO** | Beneficial Owner<br>အကျိုးခံစားခွင့်ရှိသူပိုင်ရှင် |
| **CDD** | Customer Due Diligence<br>ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်း |
| **FATF** | Financial Action Task Force<br>ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ |
| **FIU** | Myanmar Financial Intelligence Unit<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| **LEA** | Law Enforcement Agencies<br>တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ |
| **MFSA** | Mobile Financial Services Account<br>မိုဘိုင်းငွေကြေးစာရင်း |
| **MFSP** | Mobile Financial Service Provider<br>မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း |
| **KYC** | Know Your Customer<br>ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များကို သိရှိအောင်ဆောင်ရွက်ခြင်း |
| **OAR** | Operational Analysis Report<br>လုပ်ငန်းနယ်ပယ်အလိုက်  စိစစ်ချက်အစီရင်ခံစာ |
| **POC** | Proceeds of Crime<br>ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့် ပစ္စည်း |
| **STR** | Suspicious Transaction Report<br>သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် |

# For more information

**Myanmar Financial Intelligence Unit**

www.mfiu.gov.mm

review.mfiu@gmail.com

## For more studies

- Strategic Analysis Report on Trade-Based Money Laundering
  https://www.mfiu.gov.mm/sites/default/files/document/files/MFIU%၂၀Strategic%၂၀Analysis%၂၀on%၂၀TBML%၂၈၂၀၂၃%၂၉%၂၈Myan%၂၉%၂၈Amend%၂၉.pdf
- Money Laundering Trends Related to Drugs Crime
  https://www.mfiu.gov.mm/sites/default/files/document/files/Drugs%၂၀Strategic%၂၀Reports%၂၈August%၂၉%၂၈Myn%၂၉%၂၈update%၂၉.pdf
- Review on Suspicious Transactions Reported by Banks
  https://www.mfiu.gov.mm/sites/default/files/document/files/Review%၂၀on%၂၀STR%၂၀Reported%၂၀by%၂၀Banks_၂၀၂၃%၂၀November_Myanmar%၂၀Version%၂၀-%၂၀AG.pdf
- Money Laundering Risk Assessment on Legal Person
  https://www.mfiu.gov.mm/sites/default/files/document/files/Legal%၂၀Person%၂၀Risk%၂၀Assessment%၂၀Report%၂၀%၂၈၂၇%၂၀Jan%၂၀၂၀၂၃%၂၉%၂၈Myanmar%၂၉.pdf
- National Strategy on Anti-Money Laundering and Financing of Terrorism
  https://www.mfiu.gov.mm/sites/default/files/document/files/The%၂၀National%၂၀Strategy%၂၀on%၂၀AML-CFT%၂၀၂၀၁၉-၂၀၂၃%၂၀%၂၈English%၂၀Version%၂၉.pdf

Review Team

Narrator@
Police Lieutenant Thwin Htoo Aung

Edditor@
Police Major Kyu Kyu Sein

Edditor@
Police Captain Win Naing Htun